## Highlights from DVB Debate's Abortion Law Show

## Nov 18th, 2017

## Should the abortion law be amended?

Seg: 1

" ကျန်းမာရေးရှုထောင့်က ပြောမယ်ဆိုရင်တော့ ဟိုတုန်းက ကိုယ်ဝန်ဖျက်ချတာအလွန်အန္တရာယ်ကြီး တယ်။ နည်းပညာရဲ့ အားနည်းမှုကြောင့် အမျိုးသမီးတွေသေကြတယ်။ ဘာသာရေးအယူအဆအရကြောင့်ရော အခြား အကျင့်စာရိတ္တ စဉ်းစားဆင်ခြင်မှုအရရော၊ အမျိုးသမီးတွေ မသေအောင်ဆိုတဲ့သဘောနဲ့ ကိုယ်ဝန်ဖျက် ချတာ တရားမဝင်ဘူးဆိုပြီး ပိတ်ထားတယ်။ ဒါက ကိုလိုနီနယ်ချဲ့ နိုင်ငံတွေအားလုံးက သူတို့ နယ်ချဲ့တဲ့နိုင်ငံတွေ မှာ ဒီဥပဒေတွေကို အခြေတည်ခဲ့တာပါ။ အခုခေတ်ပြောင်းလာတဲ့အခါ ကြည့်လိုက်တော့ ကိုယ်ဝန်ဖျက်ချတဲ့ နည်းပညာတိုးတက်လာတဲ့အခါမှာ အထိုက်အလျောက်အလျောက် အန္တရာယ် အတော်ကင်းလာတဲ့အခါကျ တော့ ဒီဥပဒေနဲ့ ကဏ္ဍကောစဖြစ်လာခဲ့တယ်။"

ဒေါက်တာ စစ်နိုင် (Country Director, MARIE STOPES Myanmar )

----------------------------------------------------------------------------------------------------------

"နိုင်ငံတကာမှာတော့ ဥပဒေကိုပြင်ပြီးတော့ လိုအပ်ရင် ကိုယ်ဝန်ဖျက်ချတာကို တောင်းဆိုပြီး ရယူနိုင်တယ်လို့ ခွင့်ပြုလိုက်တဲ့အခါ ကိုယ်ဝန်ဖျက်ချနှုန်း ပိုတက်လာတာမတွေ့ ရပါဘူး။ ကိုယ်ဝန်ဖျက်ချတဲ့အကြောင်းကြောင့် ဘေးထွက်ဆိုးကျိုး တွေနဲ့ အသက်အန္တရာယ်ထိခိုက်တာတွေနည်းပြီးမိခင်သေနှုန်းကျသွားတာတွေ့ ရပါတယ်။ "

ဒေါက်တာ စစ်နိုင် (Country Director, MARIE STOPES Myanmar )

----------------------------------------------------------------------------------------------------------

"ကျနော်တို့ ရဲ့ ပညတ်ချက် (၁၀)ထဲမှာ လူ့ အသက်ကိုလူကသတ်လို့ မရဘူးဆိုတဲ့ ပညတ်ချက်တစ်ခုပါတယ်။ ကိုယ်ဝန်ဖျက်ချတာလည်း လူ အသက် သတ်တာဖြစ်တယ်။ ဘာသာရေးအရခွင့်မပြုပါဘူး။"

ဆရာ Mar Tsaw ( ရိုမန်ကက်သလစ် ဓမ္မဆရာ )

----------------------------------------------------------------------------------------------------------

"ကျမတို့ တိုင်းပြည်သည် ပထဂီအနေအနေအထားအရ အရှေ့ဖက် အနောက်ဖက်မှာ ကမ္ဘာပေါ်မှာ လူဦးရေ အများဆုံးနိုင်ငံနှစ်ခုက ညှပ်ထားတယ်။ မြန်မာအမျိုးသမီးတွေကိုသာ ကိုယ်ဝန်မရအောင် ကိုယ်ဝန်ဖျက်ချခွင့်ကိုပေးမယ်ဆိုရင် အိမ်နီးချင်းတွေရဲ့ နိုင်ငံကြီးသားပီသမှုကို သိတဲ့အတိုင်းပဲ။ နိုင်ငံရေးအရလည်း ကျမတို့ ဖက်က ခွင့်ပြုဖို့ မရှိဘူး။ ဘာသာရေးအရလည်းခွင့်ပြုဖို့ မရှိဘူး။ "

ဒေါက်တာ မြတ်သန့် ။ မြင့်မိုရ်မေတ္တာ (ခိုနားရာ)

---

"ကိုယ်ဝန်ဖျက်ချခွင့်နှင့်ပက်သက်ပြီးတော့ အမေရိကန်လို ဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုမှာတောင် ပြည်နယ်တိုင်း မပြဌာန်းပါဘူး။ ဆိုလိုတာက အားနည်းချက် အားသာချက်တွေကို သူတို့ အနေနဲ့ တောင် ညှိယူရတဲ့ အနေအထားမှာ ကျမတို့ အနေဖြင့် ကိုယ်ဝန်မရအောင် တားဆီးတဲ့နည်းကိုသာ အဓိက သုံးရမယ်။ "

ဒေါက်တာ မြတ်သန့် ။ မြင့်မိုရ်မေတ္တာ (ခိုနားရာ)

---

"ကိုယ်ဝန်ဖျက်ချခြင်းဆိုင်ရာကို ဥပဒေပိုင်းအရ အထိမ်းအကွပ်နဲ့ ပြဌာန်းထားတာရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဖျက်ချလိုက်ပေတော့ဆိုတော့ ကိစ္စကိုတော့ ကျမအနေဖြင့် လက်မခံနိုင်ဘူး။ "

ဒေါ်အေးနုစိန် ( တရားလွှတ်တော်ရှေ့နေ )

---

"အသင်းတော်အနေနဲ့ အားပေးတာကတော့ Natural Family Planningပါ။ ကလေးဖြစ်တဲ့အခါ ဖျက်ချပိုင်ခွင့် အသင်းတော်အနေဖြင့် ခွင့်မပြုပါဘူး။ "

ဆရာ Mar Tsaw ( ရိုမန်ကက်သလစ် ဓမ္မဆရာ )

---

"ကိုယ်ဝန်ဖျက်ချခွင့်ဥပဒေမပြုနိုင်ခင်မှာ မမျှော်လင့်ဘဲ ကိုယ်ဝန်ရသွားတဲ့ Single Mother လိုအမျိုးသမီးတွေကျတော့ မေတ္တာတရားရယ် သူ့ ရဲ့ မကောင်းမှုပြုလုပ်ခြင်းခံရပေမယ့် ကိုယ်မကောင်းလို့ ဖြစ်တာမဟုတ်ဘူးဆိုတဲ့ သတ္တိနဲ့ အားမာန်နဲ့ လောကကြီးကို ရပ်တည်နိုင်ရေးကိုဆောင်ရွက်ပေးဖို့ လိုတယ်။ လင်ကောင်မပေါ်ဘဲမွေးတာတို့ အဖေမပေါ်ဘဲ မွေးတာတို့ ဆိုတာကတော့ ကိုယ်ကျင့်သီလနဲ့ လုံးဝ သက်ဆိုင်တယ်။ "

ဒေါ်အေးနုစိန် ( တရားလွှတ်တော်ရှေ့နေ )

---

"လင်ကောင်မပေါ်ဘဲမွေးတယ်ဆိုတဲ့စကားကို ကန့် ကွက်ပါတယ်။ ဒီအမျိုးသမီးသည် လင်ရှိတယ်။ လင်ယောက်ျားက သူ့ တာဝန်သူမကျေတာပါ။ အဖေမရှိတဲ့ကလေး လောကကြီးမှာမရှိပါဘူး။ "

ဒေါက်တာ မြတ်သန့်။ မြင့်မိုရ်မေတ္တာ (ခိုနားရာ)

---

Seg 2

"ကိုယ်ကိုယ်တိုင်က မလိုချင်ဘူးဆိုရင် သူ့ ကိုဘယ်သူက တရားစွဲမလဲ။ ဥပဒေက သူ့ အသက်ဘေးက မရှိလျင် ဖျက်ချခွင့် မရှိလို့ ပြဌာန်းထားပြီးသားပါ။ ဥပဒေကိုလိုက်နာဖို့ တာဝန်ရှိသူတွေက ဥပဒေကို အသုံးမချတာပါ။ "

ဒေါ်အေးနုစိန် ( တရားလွှတ်တော်ရှေ့နေ )

---

"ကိုယ်ဝန် ဖျက်ချလာတဲ့ အမျိုးသမီးငယ်တွေသည် ဘယ်တော့မှ Abortionist ကိုဆေးရုံမှာဖော်ပြလေ့မရှိဘူး။ Abortionist ကြောင့် ငါတို့ ဘဝကြီးဒီလောက်ထိဖြစ်သွားတယ်ဆိုပြီး သေသွားတဲ့အထိ သူ့ မိဘအသိုင်းအဝိုင်း ကလည်း ဘာပြ  နာမှမရှာခဲ့ဘူး။ ကျမတို့ လူမျိုးရဲ့ မှားယွင်းမှုက အသက်နဲ့ အရှက်လဲတယ်ဆိုတဲ့ကိစ္စကို

ဆေးရုံမှာလာပြီးမှားယွင်းစွာအသုံးချတာ။ တကယ်ဆို ကိုယ့်ရဲ့ မိန်းမသားဘဂကို စောင့်ထိန်းတဲ့အချိန်မှာ အသက်နဲ့ အရက် ကိုလဲခဲ့ရမှာ။"

ဒေါက်တာ မြတ်သန့် ။ မြင့်မိုရ်မေတ္တာ (ခိုနားရာ)

------------------------------------------------------------------------------------------------------------

"အခုရှိနေတဲ့ဥပဒေကို ပြန်စဉ်းစားဖို့ လိုတယ်။ အခုဟာက ဥပဒေက ရှိနေတယ်။ ဘာမှလည်းလုပ်လို့ မရဘူး။ အခု ကျနော်တို့ သုံးနေတာက ၁၉ရာစုနှစ်က ဗြိတိသျှ ဥပဒေကိုသုံးနေတာဖြစ်တယ်။ ဗြိတိသျှတောင်မှ အခုဆို သူဖော်တဲ့ဆေး သူမစားတော့ဘူး။ မကောင်းမှန်းသိလို့ သူတို့ ပြင်ထားပြီ။ "

ဒေါက်တာ စစ်နိုင် (Country Director, MARIE STOPES Myanmar )

------------------------------------------------------------------------------------------------------------

ပရိသတ်။ ၁။ ယူမီကို

"ကိုယ်ဝန်ဖျက်ချတဲ့ တစ်လုံးဆေးကို ဖေ့စ်ဘုတ်ခ်အွန်လိုင်းပေါ်မှာ ကြော်ငြာနေတာကိုတွေ့ရတယ်။ FTA ကခွင့်ပြုထားတာလား။ ဒါမှမဟုတ် ဘယ်လိုထိန်းချုပ်မှုနဲ့ ဒီဆေးတွေကို ရောင်းချခွင့်ပြုထားသလဲဆိုတာ သိချင်ပါတယ်။ "

------------------------------------------------------------------------------------------------------------

၂။ မဂင်းဂင်းခိုင် (အမျိုးသမီးရေးလှုပ်ရှားသူ)

ကျမတို့ နိုင်ငံဟာ ဗုဒ္ဓဘာသာနိုင်ငံမို့ ကိုယ်ဝန်ဖျက်ချခွင့်ကို ခွင့်မပြုဘူး။ ဒါပေမယ့် မလိုလားအပ်တဲ့ ကိုယ်ဝန်တွေကိုတော့ ဖျက်ချခွင့် ရှိကိုရှိရမယ်။

------------------------------------------------------------------------------------------------------------

၃။ ကိုတင်မောင်ဦး ( နိုင်ငံရေးအကျဉ်းသားဟောင်း )

"မလိုလားအပ်တဲ့ကိစ္စတွေမဖြစ်လာနိုင်ဖို့ ကျောင်းတွေအထိ ကျေးလက်တောရွာတွေအထိ လိင်မှုပညာပေးရေး Sex Education တွေလုပ်ဖို့ လိုတယ်လို့ မြင်ပါတယ်။ "

---

၄။ ဒေါက်တာစုစုရင် (သုတေသနပညာရှင်)

“ကိုယ်ဝန်ဖျက်ချမှုနဲ့ ပက်သက်ပြီး တရားဝင်ခွင့်ပြုထားတာမရှိဘူး။ ဒါပေမယ့် ဆေးရုံတွေမှာ တစ်ယောက်ကိုမှ ကျမတို့ အနေနဲ့ ရာဇဝတ်မှုအဖြစ် တရားစွဲဆိုခြင်းမရှိဘူး။ ထောင်ဒဏ်ကျခံခြင်းမရှိသေးဘူး။ ထောင်ဒဏ်ကျခံခြင်း ရှိသင့်တဲ့ကိစ္စမျိုးလည်း မဟုတ်ပါဘူး။”

---

Seg: 3

၅။ “ဒေါ်ဆက်မေလွင် (ပရိသတ် )”

ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်တဲ့အချိန်မှာ ဖျက်ချပစ်တာကို ကျမအနေနဲ့ မှားတယ်လို့ ဘယ်တော့မှ မယူဆပါဘူး။

---

၆။ ဦးတင်မောင် (အငြိမ်းစားရဲအရာရှိ )

“ဥပဒေအရ အရေးယူရမယ်။ ဒေါက်တာရမ်းကုတွေကို ခွင့်မပြုဘူးဆိုတာကို ပြည်သူလူထုက သတင်းပေးပြီးဖမ်းဖို့ လိုပါတယ်။ “

---